ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီ

Irrawaddy Delta Nationalities State Council (IDNSC)

Email. idnsc21@gmail.com...Phone. +66 65657691

### ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီက

## ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်တည်ထောင်ခြင်း ၄ နှစ်မြောက် အခမ်းအနားသို့ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ။

ရက်စွဲ။ ။၂၀၂၅ခုနှစ်၊ ဧပြီလ ( ၁၇ )ရက်

ယနေ့တွင် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော်တည်ထောင်ခြင်း ၄နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။စစ်အုပ်စု ကို အပြီးတိုင်ဖယ်ရှားပြီး ပြည်သူလူထုအတွက် သာတူညီမျှမှု၊ လွတ်လပ်ငြိမ်းချမ်းမှုနှင့် တရားမျှတမှု တို့ကို ဆောင်ကျဉ်းပေးနိုင်မည့် နိုင်ငံတော်သစ်တရပ်ထူထောင်ရေးပင်ဖြစ်သည်ဆိုသည့် ကွပ်ကဲရေးမှူး၏ သဘောထားမှာ မြန်မာနိုင်ငံရှိ လူမျိုးပေါင်းစုံ ပြည်သူလူထုတရပ်လုံး၏ တူညီသော ဘုံရည်ရွယ်ချက်ဖြစ်သကဲ့သို့ မိမိတို့ ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများ ပြည်နယ်ကောင်စီ၏ ရပ်တည်ချက် အမြင်သဘောထားနှင့် လည်းထပ်တူဖြစ်ပါသည်။

BPLA အနေနှင့် တပ်ဖွဲ့ဝင်အင်အားများပြားရေးထက် စည်းစနစ်ကျရေးကိုသာ အဓိကဦးစားပေးသွားမည်ဟူ သောရည်မှန်းချက်သည်၄င်း၊ အင်အားများပြီး စနစ်မကျရင် အချည်းနှီးသာဖြစ်မည်ဟူသော  အယူအဆသည်၄င်း လက်တွေ့ကျသော စစ်နည်းဗျူဟာအခင်းအကျင်းအဖြစ် မိမိတို့အနေဖြင့်လည်း သက်ဝင်ယုံကြည် မှု အပြည့်အဝရှိပါသည်။

စည်းစနစ်တကျ တပ်တည်ဆောက်ရေး  တပ်စုဖွဲ့မှု တပ်စည်းကမ်းတို့သည် တော်လှန်ရေးတပ်တော်များတွင် မဖြစ်မနေရှိသင့်သည့် စစ်အနိုင်တိုက်ရေးအတွက် လိုအပ်ချက်ဖြစ်သလို တော်လှန်ရေးကာလအလွန် လူထုက အမှန်တကယ် အားကိုးအားထားရမည့် တပ်တော်တခုဖြစ်လာနိုင်ရေးအတွက် အခြေခံဖြစ်သည်ဟုလည်း မိမိတို့ ဧရာဝတီမြစ်ဝကျွန်းပေါ် အမျိုးသားများပြည်နယ်ကောင်စီအနေဖြင့် အလေးအနက် ယုံကြည်ပါသည်။

စစ်အစိုးရ စစ်အာဏာရှင်စနစ် စစ်ဗျူရိုကရေစီယန္တရားကို အကုန်အစင်ဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ထောင်ရေးလမ်းခရီးတွင် အခက်အခဲများစွာကို ကိုယ်စီကျော်ဖြတ်နေကြရသည့်  ကာလဖြစ်သည့်အားလျော်စွာ တော်လှန်ရေးအင်အားစုအချင်းချင်း ကျောခြင်းကပ် ရင်ချင်းအပ်ကြရမည့်အချိန်ဖြစ်ပါသည်။

သို့ပါ၍ ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် BPLA မှ တပ်မှူး တပ်သားများ ကျမ္မာ ဘေးကင်းစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မိမိတို့ ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီအနေဖြင့် ခိုင်မာ သော မဟာမိတ်များအဖြစ် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း လေးနက်တည်ကြည်စွာ ဤဂုဏ်ပြု သဝဏ်လွှာကို ပေးပို့အပ်ပါသည်။

မန်းဖန်းရှောင်း

ဥက္ကဌ

ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီ